၈၈ စစ်ကြောင်း

3000-Mile Walk for Peace and Freedom in Burma

http://88portland.wordpress.com (English) http://88portland.blogspot.com (Burmese)



Athein
(971) 285 - 7399
athein188@msn.com

Zaw Min Htwe
(919) 357 - 6859
thurasoe2005@yahoo.com


# (၆၁) ကြိမ်မြောက် အာဇာနည်နေ့ ထုတ်ပြန်ကြေညာချက်

ရက်စွဲ(၁၉၊ဇူလိုင်၊၂၀၀၈)။

ယနေ့သည် (၆၁) ကြိမ်မြောက် အာဇာနည်နေ့ ဖြစ်သည်။ လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများသည် ဖေါက်ပြန်သော မသမာသူ လူတစု၏ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံရသည်။ တိုင်းပြည်နှင့် ပြည်သူလူထုအတွက် အသက်ပေး စွန့်လွှတ် အနစ်နာခံခဲ့သော နိုင်ငံ့ခေါင်းဆောင်များအား မိမိတို့ (၈၈) စစ်ကြောင်းမှ အလေးအမြတ်ပြုပါသည်။

ဖခင်ဗိုလ်ချုပ် တည်ထောင်ဖွဲ့စည်းခဲ့သော၊ မြန်မာ့တပ်မတော်မှာ ယခင်က ရဟန်းရှင်လူ ကျောင်းသား ပြည်သူများ၏ အပြည့်အဝ ထောက်ခံမှုကို ရရှိခဲ့သည်။ တိုင်းရင်းသား စည်းလုံးညီညွှတ်ရေးကိုလည်း ရိုးသားဖြောင့်မတ်စွာ တည်ဆောက်ခဲ့သည်။ တိုင်းပြည်၏ အမျိုးဘာသာ  သာသနာအတွက် တည်ကြည်ဖြောင့်မတ်စွာ ဦးဆောင် ဦးရွက်ပြုခဲ့သဖြင့် အမိမြန်မာနိုင်ငံသည် ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာရှိစွာ ရပ်တည် မော်ကွန်းထိုးနိုင်ခဲ့သည်။ မြန်မာ့သမိုင်းတွင် ဖခင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တပ်မတော်မှာ ခွဲခြား၍မရ၊ ပြည်သူနှင့် ခွဲခြား၍မရပါ။ မမေ့သင့် မမေ့အပ်သော အာဇာနည်များအား ညှိုးလျော်ပျောက်ပျက်အောင် လုပ်ဆောင်သူတို့သည် တိုင်းပြည်ကို သစ္စာ ဖေါက်သူများပင် ဖြစ်သည်။

ယနေ့ အချိန်အခါတွင် နအဖ စစ်အုပ်စု၏ လုပ်ရပ်ကြောင့် တပ်မတော်၏ ဂုဏ်သိက္ခာကျဆင်းခဲ့ရသည်။ ကမ္ဘာအလယ်တွင်လည်း နိုင်ငံ၏ ဂုဏ်သိက္ခာ ကျဆင်းခဲ့ရသည်။ အမျိုးဘာသာ သာသနာလည်း ကွယ်ပျောက်လုနီး ဖြစ်နေသည်။ ပြည်သူလူထုမှာလည်း ဆင်းရဲဒုက္ခကြီးစွာဖြင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ လွတ်လပ်ရေးရပြီး၊ ဖခင်ဗိုလ်ချုပ် ကွယ်လွန်ပြီးနောက် တပ်မတော်မှာ လူထု၏ ရွံရှာမုန်းတီးမှုကို ခံခဲ့ရသည်။ လူထုအပေါ် ဖိနှိပ်မှုမျိုးစုံဖြင့် ရက်စက်ကြမ်းကြုတ်စွာ အုပ်ချုပ်ခဲ့သည်။ တပ်မတော်အပေါ် လူထု၏ ထောက်ခံမှု လုံးဝမရှိ တော့သည့် အခြေအနေဖြစ်သည်။

ထို့ကြောင့် တပ်မတော်သားများအား အသိပေးလိုသည်မှာ....။

နိုင်ငံတော် ကာကွယ်ရေးဌာန၊ ကြည်း၊ ရေ၊ လေ၊ တိုင်း၊ တပ်မ၊ တပ်ရင်း၊ တပ်ခွဲ၊ တပ်စု၊ တပ်စိတ်နှင့် စစ်ရုံး ချုပ်ဌာန ဆိုင်ရာဝန်ထမ်းများ၊ ပြည်နယ်၊ ဒေသ အသီးသီးတွင် တာဝန်ထမ်းဆောင်နေသော တပ်မှူး၊ တပ်သား ရဲဘော်များအနေဖြင့် ယခုအချိန်တွင် သမိုင်းပေးတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ရမည့် အချိန်အခါ ဖြစ်သည် တိုင်းပြည် စစ်အာဏာရှင်စနစ်အောက်က လွတ်မြောက်ရေး၊ ဒုတိယလွတ်လပ်ရေးအတွက်၊ နိုင်ငံ့ တပ်မတော်သားကောင်း၊ ပြည်သူ့ တပ်မတော်သားကောင်းပီသစွာ ပြည်သူလူ ထုဘက်၌ ပြတ်သားစွာ ရပ်တည်၍ တိုက်ပွဲဝင်ရန် အချိန်တန်ပြီ ဖြစ်သည်။ ပြည်သူလူထုဘက်တွင် မားမားမတ်မတ် ရပ်တည်သင့်သည့် အချိန်ကာလ ရောက်ပြီ ဖြစ်သည်။ အမျိုးဘာသာ သာသနာအား ကာကွယ်ချိန်ရောက်ပြီ ဖြစ်သည်။ ပြည်တွင်း၊ ပြည်ပရှိ ရဟန်းရှင်လူ ကျောင်းသား ပြည်သူများကလည်း ရဲဘော်တို့အား လှိုက်လှဲစွာ ကြိုဆိုနေပြီ ဖြစ်သည်။ ထို့ကြောင့် ရဟန်းရှင်လူ ပြည်သူ ကျောင်းသား တပ်မတော်သားများအားလုံး စုစည်းညီညွှတ်ကြပါရန် မိမိတို့ (၈၈) စစ်ကြောင်းမှ ပန်ကြားနိုးဆော်လိုက်ပါသည်။

မိမိတို့သည် အမေရိကန်နိုင်ငံ Oregon ပြည်နယ်မှ NYC  ရှိ  UN လုံခြုံရေးကောင်စီသို့ မိုင်(၃၀၀၀)ကျော် ချီတက်နေသူများ ဖြစ်ပါသည်။ မိမိတို့ထံတွင် ပြည်တွင်း၊ ပြည်ပမှ ပြည်သူများ၏ လုံခြုံရေးကောင်စီထံသို့ တင်ပြထားသော လက်မှတ်ရေးထိုး တောင်းဆိုထားသည့် စာကိုလည်း ယူဆောင်လာပြီး လုံခြုံရေးကောင်စီထံသို့ တင်ပြမည် ဖြစ်ပါသည်။

မိမိတို့ အကြံပြု တင်ပြလိုသည်မှာ  .... ဘုရားသားတော် ရဟန်းသံဃာတော်များ၊ ကျောင်းသားများ၊ တပ်မတော်သားများ စသည့် သား (၃) သား ညီညွှတ်ရေးပင် ဖြစ်သည်။ ထို့ကြောင့် မြန်မာ့တပ်မတော်သားများ အားလုံးကို ဖိတ်ခေါ် ကမ်းလှမ်းလိုက်ပါသည်။ နအဖ စစ်ဗိုလ်ချုပ်ကြီးများကိုလည်း နိုင်ငံတကာ စစ်ခုံရုံးတွင် စစ်ရာဇဝတ်ကောင်များအဖြစ်  တရားစွဲဆိုရေးကိုလည်း ပြုလုပ်ကြရမည် ဖြစ်သည်။ ထို တရားစွဲဆိုမည့် ကိစ္စတွင် နိုင်ငံ့သားကောင်း မျိုးချစ်တပ်မတော်သားများ မပါဝင်စေရန် အကြောင်းကြားလိုက်ပါသည်။

-စစ်အာဏာရှင်စနစ် (၂၀၀၈)တွင် မုချ ကျဆုံးစေရမည်။
-ဒုတိယ လွတ်လပ်ရေးတိုက်ပွဲအတွက် ရဲဘော်များ အသင့်ပြင်ကြ။
-သား(၃)သား ညီညွှတ်ကြ။

အရေးတော်ပုံ အောင်ရမည်..။

(၈၈)စစ်ကြောင်း
ရဲဘော်အေသင်
ရဲဘော် ဇော်မင်းထွေး
ရဲဘော် ဥက္ကာ